အကြင်သူသည် ငါကိုယ်တော်နှင့်ပတ်သက်၍ တမင်သိလျက်နှင့်မဟုတ်မမှန် မုသားပြောဆိုခဲ့လျှင်

ထိုသူသည်မိမိ၏နေရာဌာနကို ငရဲမီးတွင်ပြုလုပ်ထားပါ။

အဗူဟုရိုင်ရဟ် (ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။
အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)
မိန့်ကြားတော်မူသည်။ အကြင်သူသည် ငါကိုယ်တော်နှင့်ပတ်သက်၍ တမင်သိလျက်နှင့်
မဟုတ်မမှန် မုသားပြောဆိုခဲ့လျှင် ထိုသူသည်မိမိ၏နေရာဌာနကို
ငရဲမီးတွင်ပြုလုပ်ထားပါ။ [صحيح] [متفق عليه]

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က ရှင်းပြတော်မူသည်မှာ မည်သူမဆိုစကားဖြစ်စေ၊ လုပ်ရပ်ဖြစ်စေ ငါကိုယ်တော်နှင့်ပတ်သက်၍ သိလျက်နှင့် မဟုတ်မမှန်မုသားပြောဆိုခဲ့လျှင် ထိုသူ့အတွက် နောင်တမလွန် အာခိရသ်တွင် ငရဲမီး၌နေရာထိုင်ခင်းရှိမည်ဖြစ်သည်။ ဤသည် တမန်တော်မြတ်နှင့် ပတ်သက်၍ မုသားပြောခဲ့ခြင်း၏ရလဒ်ပင်ဖြစ်သည်။

http://sunnah.global/hadeeth/my/show/65043